**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၅၁)**

**နေ့စွဲ – ၃၁. ၁၀. ၁၀**

## ပဋိညာဉ်တခုတည်းသာဖြစ်ခြင်းအကြောင်း
(One Covenant)

အကယ်၍ ဘုရားသခင်၏ပဋိညာဉ်သည် ထာဝရပဋိညာဉ်ဖြစ်ပါလျှင်၊ ကျမ်းစာက ဟုတ်ပါသည်ဟု ပြောပါသည်၊ ပဋိညာဉ်သည် တခုတည်းသာရှိရပါမည်။ ယာယီဖြစ်သောပဋိညာဉ်သည် အစားထိုး၍ရပါသည်။ သို့သော် ဘုရားသခင်၏ပဋိညာဉ်သည် ယာယီသဘောမရှိပါ။

ထို့အပြင် အကယ်၍သာ ပဋိညာဉ်သည် မကျိုးပြတ်နိုင်သောပဋိညာဉ်ဖြစ်ပါလျှင် ပဋိညာဉ်တခုတည်းသာရှိရပါမည်။ ကျမ်းစာကလည်း နေရာအများတွင် ပဋိညာဉ်သည် မကျိုးပြတ်နိုင်ပါဟု သက်သေခံပါသည်၊ တရားသူကြီး ၂း၁၊ ဆာလံ ၈၉း၃၄၊ ယေရမိ ၃၃း၂၀၊ ၂၁ နှင့်မြောက်များစွာသောကျမ်းပိုဒ်တို့က ဖြစ်ပါသည်။

အကယ်၍ ပဋိညာဉ်သည် ဘုရားသခင်၏ပဋိညာဉ်ဖြစ်ပါလျှင်၊ ထို့အပြင် ဘုရားသခင်၏ပဋိညာဉ်သည် သုံးပါးတဆူထဲမှ ပုဂ္ဂိုလ်သုံးဦးတို့၏ မိတ်သဟာယဖြစ်ပါလျှင် ပဋိညာဉ်သည် တခုတည်းသာဖြစ်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်တဆူတည်း ရှိတော်၍ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဒစ်စပင်ဆေးရှင်းဝါဒနှင့်ဆန့်ကျင်လျှက် ပဋိညာဉ်တခုသာရှိသည်ဟု ယုံကြည်ကြပါသည်။ ထိုဩဝါဒအမှားက ပဋိညာဉ်အများအပြားရှိသည်ဟု သင်ပါသည်။ ထို့အပြင် ဓမ္မဟောင်းပဋိညာဉ်၊ ဓမ္မသစ်ပဋိညာဉ် နှစ်ခုရှိသည်၊ ထို့ကြောင့် ပဋိညာဉ်တို့၏ နိမိတ်လက္ခဏာတို့သည် မတူကြပါဟု သင်ကြသော နှစ်ချင်းတို့၏သွန်သင်ခြင်းကိုဆန့်ကျင်လျှက် ကျွန်တော်တို့က ပဋိညာဉ်တခုသာရှိသည်ဟု သွန်သင်ကြပါသည်။ ထို့အပြင် အာဒံထံ၌ သီးခြားပြုလုပ်သော "အလုပ်/အကျင့်နှင့်ဆိုင်သောပဋိညာဉ်"(Covenant of works)ရှိသည်ဟု သင်ကြသည်ကိုလည်း ကျွန်တော်တို့က လက်မခံပါ။

ကျမ်းစာပိုဒ်အများအပြားက ပဋိညာဉ်သည် တခုတည်းသာဖြစ်ကြောင်း၊ ထာဝရဖြစ်ကြောင်း သက်သေပြနေပါသည်။ ကမ္ဘာ ၁၇း၇၊ ၂ရာ ၂၃း၅၊ ဆာလံ ၁၀၅း၈–၁၀၊ ဟေရှာ ၅၅း၃၊ ယေဇ ၁၆း၆၀–၆၂၊ ဟေဗြဲ ၁၃း၂၀။

သို့သော် ပဋိညာဉ်များဟုဖေါ်ပြသောကျမ်းပိုဒ်များလည်း ရှိနေပါသည်။ ထိုကျမ်းပိုဒ်များကို မည်သို့ ရှင်းပြမည်နည်း? (ရောမ ၉း၄၊ ဂလာတိ ၄း၂၄ နှင့်၎င်းတို့ကဲ့သို့သော ကျမ်းပိုဒ်များ)။ ထို့အပြင် ပဋိညာဉ် အဟောင်း၊ ပဋိညာဉ်အသစ်ဟုပြောသော ကျမ်းပိုဒ်များကို မည်သို့ရှင်းပြမည်နည်း? (ယေရမိ ၃၁း၃၁–၃၃၊ ဟေဗြဲ ၈း၆–၁၃)။

ကျမ်းစာသည် ကိုယ့်ကိုကိုယ် ဆန့်ကျင်ပါသည်ဟု မယုံကြည်လျှင် (ထိုသို့ယုံကြည်ခြင်းသည် ဘုရားသခင်က သူ့ကိုယ်သူ ဆန့်ကျင်နေပါသည်ဟုပြောရာကျပါသည်)၊ ထိုကျမ်းပိုဒ်များကို ပဋိညာဉ်တခုတည်းသာရှိသည်ဟုပြောသော ကျမ်းပိုဒ်များနှင့်ကိုက်ညီရန် ရှင်းပြရပါမည်။ ကျမ်းစာက ၎င်းအသုံးပြုသောစကားလုံးများဖြင့် နားလည်နိုင်ရန် အကူအညီပေးပါသည်။

ကျမ်းစာက ဘုရားသခင်သည် သူ၏ပဋိညာဉ်ကို အောက်မေ့သတိရခြင်း(ဝတ် ၂၆း၄၂၊ လုကာ ၁း၇၂)၊ ပဋိညာဉ်ကိုပေးခြင်း (တောလည်ရာ ၂၅း၁၂၊ တမန် ၇း၈)၊ ပဋိညာဉ်ကို ကြေညာခြင်း(တရား ၄း၁၃)၊ ပဋိညာဉ်ကို စောင့်ထိန်းခြင်း(၁ရာ ၈း၂၃) စသဖြင့် ပြောပြပါသည်။ ထိုစကားလုံးများကိုကြည့်ခြင်းဖြင့် ဘုရားသခင်သည် သူ၏ပဋိညာဉ်ကို တည်ထောင်ပေးသနားသောအခါ၊ ယခင်ရှိပြီးသားပဋိညာဉ်ဟောင်းကို လုံးဝစွန့်ပစ်လိုက်လျှက်၊ အသစ်နောက်တခုကို တခါထပ်လုပ်ခြင်းမဟုတ်ကြောင်း၊ ထို့မှခြားနားစွာ သူ၏တခုတည်းဖြစ်

သောကျေးဇူးတော်ပဋိညာဉ်ကို ဖွင့်ပြခြင်းအသစ်ဖြင့် ထပ်ပေးခြင်းသာဖြစ်ကြောင်း နားလည်ရပါသည်။ ထို့ရှေ့ထောင့်မှနေ၍သာ ပဋိညာဉ်အဟောင်းနှင့်အသစ် (သို့) ပဋိညာဉ်တစ်ခုမက ရှိနေခြင်းဖြစ်ပါသည်။

ထိုတစ်ခုတည်းသောပဋိညာဉ်သည် အခြားမဖြစ်နိုင်ပါ၊ တစ်ခုတည်းသောကျေးဇူးတော်ပဋိညာဉ်သာဖြစ်ပါသည်။ ဘုရားသခင်၏ ကျွန်ုပ်တို့အပေါ် ထားသော မထိုက်တန်ဘဲပေးသည့်မျက်နှာသာပေးခြင်းဆိုသည့်အခြေခံမှလွဲ၍ အခြားမည်သည့်နည်းလမ်းနှင့်မျှ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့၍မရနိုင်ပါ။ အာဒံပင်လျှင်မိမိ၏နာခံမှုဖြင့် ဘုရားသခင်နှင့်အတူ ပဋိညာဉ်မိတ်သဟာယဆက်ဆံရေးကို ရရှိနိုင်ခဲ့ပါသော်လည်း၊ သူ၏ထိုက်တန်မှုကြောင့်တော့ မဟုတ်ခဲ့ပါ။

ထို့ကြောင့် အာဒံနှင့်ပြုသောပဋိညာဉ်သည် သူ၏ထိုက်တန်မှုအပေါ် အခြေခံသော "အလုပ်/အကျင့်နှင့်ဆိုင်သောပဋိညာဉ်"ဖြစ်သည်ဟုသွန်သင်ခြင်းကို ကျွန်ုပ်တို့ ငြင်းပယ်ကြပါသည်၊ ထိုသို့မဟုတ်ပါ၊ ကျေးဇူးတော်အပေါ် အခြေခံသောပဋိညာဉ်သာ ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ထိုပဋိညာဉ်ထဲတွင် အာဒံသည် သူ၏နာခံခြင်းဖြင့် ထာဝရအသက်ကို ရရန်ထိုက်တန်နိုင်ပါသည်ဟု သွန်သင်ခြင်းကို ငြင်းပယ်ခြင်းဖြစ်ပါသည်။

ရှင်လုကာ ၁၇း၁၀ က ထိုက်တန်ခြင်းရနိုင်စရာအကြောင်း ရှိရှိသမျှကို ငြင်းပယ်နေပါသည်၊ "ထိုနည်းတူ၊ မှာထားတော်မူသမျှကို သင်တို့သည် ကျင့်(လုပ်)ပြီးမှ၊ ငါတို့သည် သခင်၌ ကျေးဇူးပြုသော(ထိုက်တန်ခြင်းကိုရသော)အစေအပါ ဖြစ်သည်မဟုတ်၊ ဝတ်ပြေရုံမျှသာ ရှိသည်ဟု ဝန်ခံကြလော့ဟု မိန့်တော်မူ၏။"

## ကျေးဇူးတော်ပဋိညာဉ်(Covenant of Grace)

အကယ်၍ ပဋိညာဉ်ဆိုသည်မှာ ဘုရားသခင်နှင့်သူ၏လူများအကြားတွင်ရှိနေသော မိတ်သဟာယဖွဲ့ပေါင်းသင်းခြင်း၊ တုတ်နှောင်/နှောင်ဖွဲ့ခြင်း ဖြစ်ခဲ့လျှင် ထိုပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်သာဖြစ်ရပါမည်။

ကျွန်ုပ်တို့က အသက်ရှင်သောဘုရားသခင်နှင့် သူငယ်ချင်းများကဲ့သို့ အတူနေနိုင်ခြင်း၊ မိတ်ဆွေဖွဲ့ခြင်း၊ ချစ်နိုင်ခြင်းတို့သည် ကျွန်ုပ်တို့အပေါ် ဘုရားသခင်ဖက်မှ မထိုက်တန်သောမျက်နှာသာပေးခြင်းကိုထားတော်မူသောကြောင့်သာဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံ၌နေထိုင်ခြင်း၊ ကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်လာခြင်းတို့သည် မတွေးရဲစရာအကြောင်းများဖြစ်ပါသည်။ သို့သော် အပြစ်သားများဖြစ်သောကျွန်ုပ်တို့ထံ ဘုရားသခင်က ထိုကဲ့သို့ပင် ကတိပေးတော်မူပါသည်၊ "သူတို့တွင် ငါကျိန်းဝပ်မည်၊ သူတို့တွင် လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်၊ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်" (၂ကော၆း၁၆)။ မည်မျှအံ့ဩစရာ ကောင်းပါသနည်း!

ကျွန်ုပ်တို့အတွက် မှန်သောအရာသည် အာဒံအတွက်လည်း မှန်ပါသည်။ အာဒံကိုဖန်ဆင်းသည့်အခါ ဘုရားသခင်အားသိသူ၊ ချစ်သောသူအဖြစ်ဖန်ဆင်းထားသည် သို့သော် မထိုက်တန်သောမျက်နှာသာပေးခြင်းဖြင့် မဟုတ်ပါဟု မည်သူသည်ပြောရဲပါသနည်း? သူ့ကို ထိုက်တန်ခြင်းအတွက် ဖန်ဆင်းထားသည်မဟုတ်ပါ၊ မည်သူသည် ဘုရားသခင်ထံမှထိုက်တန်မှုကို ရနိုင်ပါသနည်း? လုကာ ၁၇း၁၀ တွင် တွေ့ခဲ့ပြီးဖြစ်သည်၊ "ထိုနည်းတူ၊ မှာထားတော်မူသမျှကို သင်တို့သည် ကျင့်(လုပ်)ပြီးမှ၊ ငါတို့သည် သခင်၌ ကျေးဇူးပြုသော(ထိုက်တန်ခြင်းကိုရသော)အစေအပါ ဖြစ်သည်မဟုတ်၊ ဝတ်ပြေရုံမျှသာ ရှိသည်ဟု ဝန်ခံကြလော့ဟု မိန့်တော်မူ၏။"

ထို့ကြောင့် ကျွန်ုပ်တို့က အလုပ်/အကျင့်နှင့်ဆိုင်သောပဋိညာဉ်သည် ထိုက်တန်မှုအပေါ်တွင် အခြေခံ၍တည်ထားပါသည်ဟု သင်သမျှကို ငြင်းရခြင်းဖြစ်ပါသည်။ ဘုရားသခင်က အာဒံထံပြုခဲ့သောပဋိညာဉ်ကိုလည်း အလုပ်/အကျင့်နှင့်ဆိုင်သောပဋိညာဉ်ဟု ကျွန်ုပ်တို့ မခေါ်ချင်ပါ။ ပဋိညာဉ်ကို ထိုအမည်ဖြင့် သုံးခဲ့လျှင်လည်း အလွန်သတိထား၍သာ သုံးပါမည်။ ထို့အပြင် ထိုအလုပ်/အကျင့်နှင့်ဆိုင်သောပဋိညာဉ်သည်လည်း အခြားသောပဋိညာဉ်မဟုတ်ပါ၊ ဘုရားသခင်၏တစ်ခုတည်းသောပဋိညာဉ်ကို ဖွင့်ပြခြင်းတစ်ခုမျှသာဖြစ်ပါသည်ဟု နားလည်ရပါမည်။ ထို့အပြင် အာဒံ၏နာခံခြင်း၊ ကောင်းသောအကျင့်များသည်လည်းပဋိညာဉ်ပြုရန် အခြေခံ၊ အကြောင်းအရင်း မဟုတ်ပါ။ ထိုမှဆန့်ကျင်စွာ ၎င်းနာခံခြင်းတို့သည် အာဒံက ပဋိညာဉ်ကို ခံစားနိုင်ဖို့ရာ နည်းလမ်းသာဖြစ်ပါသည်။

ထိုသို့ပြောခြင်းသည် ပဋိညာဉ်ကို ဘုရားသခင်ကသာ ပြုတော်မူလျှက်၊ စောင့်ရှောက်ထိန်းသိမ်းတော်မူပါသည်ဟု နည်းတမျိုးဖြင့် ပြောပြနေခြင်းသာဖြစ်ပါသည်။ လူသားအကူအညီ (သို့) တွဲဖက်လုပ်ကိုင်ခြင်းဖြင့် မဟုတ်ပါ။ ပဋိညာဉ်သည် လူသားထံ ဘယ်တုန်းကမှ မှီခိုခြင်းမရှိပါ။ လူသားထံတွင် ပဋိညာဉ်ကတောင်းဆိုသော တာဝန်ဝတ္တရားများ၊ စောင့်ထိန်းရမည့်အရာများ ရှိနေသော်လည်း လူကို မမှီခိုပါ။

ဥပမာတခုပေးရလျှင် နားလည်နိုင်မည်ထင်ရပါသည်။ ကျွန်တော်တို့သည် အသက်ရှင်ရန် အစာကို စားကြရပါသည်။ သို့သော် ကျွန်တော်တို့၏ အသက်များသည် စားခြင်းသောက်ခြင်းအပေါ်တွင်တော့ မတည်မှီပါ။ စားခြင်းသောက်ခြင်းမှနေ၍လည်း ကျွန်တော်တို့၏အသက်တာများကို ရကြသည်မဟုတ်ပါ။ ကျွန်တော်တို့၏အသက်တာများသည် ဘုရားသခင်အပေါ် မှီခိုနေရပါသည်၊ အချိန်တိုင်း သူ့ထံတော်မှသာ ရနေကြရပါသည်။ စားခြင်းသောက်ခြင်းသည် အသက်ကို ရရှိဖို့ နည်းလမ်းသာဖြစ်ပါသည်၊ အခြေခံအကြောင်းအရင်းတော့ မဟုတ်ပါ။ ပဋိညာဉ်တွင်လည်း ထိုသို့ဖြစ်ပါသည်။ နာခံခြင်းသည် ပဋိညာဉ်၏ ကောင်းချီးမင်္ဂလာများ၊ အခွင့်အရေးများကို ကျွန်တော်တို့က ခံစားနိုင်ဖို့ နည်းလမ်းမျှသာဖြစ်ပါသည်၊ သို့သော် ပဋိညာဉ်ပြုဖို့ အခြေခံအကြောင်းအရင်းတော့ မဟုတ်ပါ။

ပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်ဖြစ်သဖြင့် သေချာသောအာမခံရှိပါသည်။ ထာဝရပဋိညာဉ်ဖြစ်သဖြင့် ဘယ်တော့မှ မကျိုးပြတ်နိုင်ပါ။ အာဒံ သစ္စာမရှိခဲ့သော်လည်း၊ ကျွန်တော်တို့သည် အာဒံအားဖြင့် သစ္စာမရှိကြသော်လည်း၊ ဘုရားသခင်သည် သစ္စာရှိဆဲဖြစ်ပါသည်။ သူ၏ပဋိညာဉ်ကို ဘယ်တော့မှ မကျိုးပြတ်စေပါ၊ သူ၏နှုတ်တော်မှထွက်ပြီးသားအကြောင်းကို ဘယ်တော့မှပြန်ပြင်ခြင်းမရှိပါ(ဆာလံ ၈၉း၃၄)။ သူ ၏သစ္စာရှိတော်မူခြင်းသည် ကြီးမြတ်လှပါသည်။ သူသာလျှင် ပဋိညာဉ်ပြုသောဘုရားသခင်အဖြစ် ချီးမြှောက် ခြင်းဘုန်းအသရေအားလုံးကို ခံတော်မူထိုက်ပါသည်။

## ပဋိညာဉ်ကတိတော်အကြောင်း(The Covenant Promise)

ဘုရားသခင့်ပဋိညာဉ်၏ အလွန်အဖိုးတန်သောရှုထောင့်တခုမှာ၊ "ဘုရားသခင်က သူ၏ပဋိညာဉ်ကို ကျွန်တော်သိအောင် ပြောပြပေးမည်"ဆိုသည့် ကတိတော်ဖြစ်ပါသည်။ ထိုကတိတော်တွင် ဘုရားသခင်က သူ၏ပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်စင်စစ်ဖြစ်ကြောင်း ပြတော်မူပါသည်။ ထိုကတိတော်အားဖြင့် ဘုရားသခင်သည် သူ၏ကရုဏာနှင့်ကျေးဇူးတော်များကို ပို၍ပို၍ များပြားစွာပေးတော်မူပါသည်။

ထိုကတိတော်ကို ကျမ်းစာတွင် ထပ်ခါတလဲလဲတွေ့ရသဖြင့် ပဋိညာဉ်ပုံသေနည်းသဖွယ် ဖြစ်လာရပါသည်။ တနေရာနှင့်တနေရာတွင် အနည်းငယ်ကွဲပြားသောစကားလုံးကိုသုံးတတ်သော်လည်း၊ အဓိကအားဖြင့် ဘုရားသခင်၏ကတိစကားကို ဤသို့တွေ့ရပါသည်၊ "ငါသည် သင့်ဘုရားဖြစ်မည်၊ သင်တို့သည် ငါ့လူများဖြစ်ကြမည်" (ကမ္ဘာ ၁၇း၇၊ ၈၊ တရား ၇း၆၊ ၂ကော ၆း၁၆၊ ဗျာဒိတ် ၂၁း၃)။

ထိုထက်ကြီးမြတ်သောကတိတော်ကို တစုံတဦးက ထပ်ရှာနိုင်မည်မဟုတ်ပါ၊ ဘုရားသခင်သည် ကျွန်တော်တို့ဘုရားသခင်ဖြစ်တော်မူခြင်း၊ သူ့ကို သိခြင်း၊ သူ့ကိုချစ်ခြင်း၊ သူနှင့်မိတ်ဆွေဖြစ်ရခြင်း စသည်တို့ထက်ကောင်းသောအရာ မရှိနိုင်တော့ပါ။ ထို့သို့ဖြစ်လျှက်နှင့် ဘုရားသခင်သည် ကျေးဇူးတော်အတွက် နောက်ကျေးဇူးတော်များကို ထပ်၍ထည့်နေပါသည်။ ကောင်းချီးမင်္ဂလာအပေါ် ကောင်းချီးမင်္ဂလာများကို ထပ်ပေးနေပါသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် ပဋိညာဉ်၏ကတိတော်များ ဖြစ်ကြသောကြောင့်ဖြစ်ပါသည်။

ဘုရားသခင်က သူသည် ကျွန်တော်တို့သားသမီးများ၏ ဘုရားသခင်လည်းဖြစ်တော်မူမည်ဟု ကရုဏာတော်အားဖြင့် ထိုကတိတော်အပေါ် ထပ်ဆင့်၍ထည့်ပေးတော်မူပါသည်။ သူ၏ထံတော်မှ တစုံတခုရဖို့ရာ ကျွန်တော်တို့ထံတွင် ထိုက်တန်မှုတခုမှမရှိပါ။ သို့သော် သူက ကျွန်တော်တို့ထံသို့သာ ကယ်တင်ခြင်းကို ကတိပေးသည်မဟုတ်ဘဲ၊ ကျွန်တော်တို့၏သားသမီးများထံသို့လည်း ကတိတော်ကို ပေးတော်မူပါသည်။ ပြောစရာ စကားလုံးရှာမတွေ့နိုင်သော ကျေးဇူးတော်ဖြစ်ပါသတည်း!

ယုံကြည်သူတို့၏ကလေးများနှင့်ပတ်သက်သည့် ထိုစကားလုံးများသည် ပဋိညာဉ်ကတိတော်၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင်ဖြစ်သလို၊ ဓမ္မသစ်ကျမ်းတွင်လည်း ဖြစ်ပါသည်။ ၄င်းကို ပထမ

ဆုံး ကမ္ဘာ ၁၇း၇၊၈ တွင်တွေ့ရပါသည်။ ဘုရားသခင်က အာဗြဟံနှင့် စတင်၍ဆက်ဆံခြင်းကို ပြုချိန်တွင်ဖြစ်သည်။ ထိုစကားလုံးများကို ဓမ္မသစ်အသင်းတော် စတင်ချိန်၌လည်း တခါ ကြားရပြန်ပါသည်၊ တမန် ၂း၃၉။

သို့သော် ထိုသို့ပြော၍ ကျွန်တော်တို့၏သားသမီးတယောက်မကျန်ကို ကယ်တင်မည်ဟု ပြောနေခြင်းတော့မဟုတ်ပါ။ ဘုရားသခင့်လူများ၏မိသားစုများထဲတွင် အမြဲတမ်း ဧသောနှင့် ကာဣနတို့ ပါဝင်နေတတ်ပါသည်။ ဘုရားသခင်က ကတိပေးနေသည်မှာ သူသည် သူ့လူများနှင့်၄င်း၊ သူတို့၏မိသားစုများနှင့်၄င်း သူ ၏ပဋိညာဉ်ကို ဆက်လက်တည်ရှိစေမည်၊ သူတို့၏မိသားစုများနှင့် ဆွေစဉ်မျိုးဆက်များသည် ဘယ်တော့မှ ပယ်ဖျက်ခြင်းမခံရပါ ဟူ၍ဖြစ်သည်။

ယုံကြည်သူတို့၏သားသမီးများကို ဗတ္တိဇံပေးကြသည့်အခါ ထိုကတိတော်ကို အောက်မေ့သတိရလျက် ကျင်းပကြခြင်းဖြစ်သည်။ ၄င်းအမှန်တရားက ပဋိညာဉ်သွန်သင်ခြင်းများအားလုံး၊ စည်းကမ်းကြပ်မတ်ခြင်းအားလုံးသည် အချည်းနှီးမဖြစ်၊ အကျိုးသက်ရောက်မည်အမှန်ဟု တွန်းအားပေး၍ သေချာစေခြင်း ဖြစ်ပါသည်။ ထိုအမှန်တရားက ဘုရားသခင်၏ကျေးဇူးတော်သည် မည်မျှကြီးမြတ်ကြောင်း ပြသနေပါသည်။

ထိုကတိတော်ကို ဘယ်တော့မှမပြောင်းလဲသော၊ မလိမ်ညာသော ဘုရားသခင်က ကျိန်ဆိုလျက် ပေးခြင်းဖြစ်ကြောင်း ကျွန်တော်တို့ အထူးပြုကြရပါမည်။ ထိုကတိတော်သည် ခက်ခဲခြင်း၊ စိန်ခေါ်ခြင်းအပေါင်းနှင့်ပြည့်နေသော မိသားစုများတည်ထောင်ခြင်းကို ပြုလုပ်နေကြသည့် မိဘများအားလုံး ကိုင်စွဲကြရမည့်အမှန်တရားဖြစ်ပါသည်။ ထိုအမှန်တရားသည် သားသမီးတယောက်ယောက် လမ်းမှားရောက်ကာ၊ မနာခံဘဲနေသည့်အချိန်တွင်လည်း ဆက်၍ဆုတောင်းပေးဖို့ရန် ခွန်အားကို မိဘတို့ထံပေးနေသော ကတိတော်ဖြစ်ပါသည်။

ဘုရားသခင်သည် ကတိတော်များထဲမှ အဖိုးအတန်ဆုံးသော ဤကတိတော်အားဖြင့် သူ၏ပဋိညာဉ်သစ္စာရှိမှုကို အများတို့ထံ ပြတော်မူပါစေသော်ဝ်၊ (ဆာလံ ၂၅း၁၄)။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၂)

၅း၁–၁၄

၁ – ထိုအခါ တဖက်တချက်၌အက္ခရာတင်၍ တံဆိပ်ခုနှစ်ချက်ခတ်(၍ပိတ်ထား)သော စာစောင်(စာအုပ်)ကို ပလ္လင်တော်ပေါ်မှာ ထိုင် တော်မူသောသူ၏ လက်ျာလက်၌ ငါမြင်၏။ ၂ – အားကြီးသော ကောင်းကင်တမန်တပါးက၊ ထိုစာစောင်(စာအုပ်)ကိုဖွင့်၍ တံဆိပ်တို့ကို ခွာခြင်းငှာ အဘယ်သူ ထိုက်(တန်)သနည်းဟု ကြီးသောအသံနှင့် ကြွေးကြော်လျက်ရှိသည်ကို ငါမြင်၏။ ၃ – ထိုစာစောင်(စာအုပ်)ကို ဖွင့်၍ကြည့်ခြင်းငှာ ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၌ အဘယ်သူမျှ မတတ်နိုင်။ ထိုစာစောင်ကို ဖွင့်၍ ကြည့်ထိုက်သောသူ တ ယောက်ကိုမျှ ရှာ၍မတွေ့သောကြောင့် ငါသည် များစွာငိုကြွေးလေ၏။ ၄–၅ – ထိုအခါ အသက်ကြီးသူတပါးက မငိုကြွေးနှင့်၊ ယုဒအမျိုး ခြင်္သေ့တည်းဟူသော ဒါဝိတ်၏အမြစ် သည် ထိုစာစောင်(စာအုပ်)ကို၄င်း၊ တံဆိပ်ခုနှစ်ချက်တို့ကို၄င်း ဖွင့်ခြင်းငှာ အောင်မြင်လေပြီဟု ငါ့ကို ပြောဆို၏။ ၆ – ထိုအခါ ပလ္လင်တော်မှစသော သတ္တဝါလေးပါးနှင့် အသက်ကြီးသူတို့အလယ်၌၊ အသေသတ်ပြီးသကဲ့သို့သော သိုးသ ငယ်သည် ရပ်လျက်ရှိသည်ကို ငါမြင်၏။ ထိုသိုးသငယ်သည် မြေကြီးတပြင်လုံး၌လွှတ်သော ဘုရားသခင်၏ ဝိညာဉ်ခုနှစ်ပါးတည်းဟူ သော မျက်စိခုနှစ်လုံးနှင့် ချိုခုနှစ်ချောင်းရှိ၏။ ၇ – သူသည်လာ၍ ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူ၏ လက်ျာလက်မှ စာစောင်(စာအုပ်)ကို ခံယူလေ၏။ ၈ – ထိုစာစောင်(စာအုပ်)ကို ခံယူသောအခါ သတ္တဝါလေးပါးနှင့် အသက်ကြီးသူနှစ်ဆယ့်လေးပါးတို့သည်၊ သန့် ရှင်းသူတို့၏ ပဋ္ဌနာတည်းဟူသော မီးရှို့ရာနံ့သာပေါင်းနှင့်ပြည့်သော ရွှေဖလားတို့ကို၄င်း၊ စောင်းတို့ကို၄င်း၊ အသီးသီးကိုင်၍၊ သိုးသ ငယ်ရှေ့၌ ပြပ်ဝပ်လျက်၊ ၉–၁၀ – ကိုယ်တော်သည် အသေသတ်ခြင်းကို ခံတော်မူသောအားဖြင့်၊ အသီးအသီး

ဘာသာစကားကို ပြော သော လူအမျိုးအနွယ် ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍၊ အသွေးတော်နှင့် ဘုရားသခင်အဖို့ ရွေးနှုတ်တော်မူ(ကယ်တင်တော်မူ) ၏။ အကျွန်ုပ်တို့၏ ဘုရားသခင့်ရှေ့မှာ ရှင်ဘုရင်အရာ၌၄င်း၊ ယဇ်ပုရောဟိတ်အရာ၌၄င်း၊ ခန့်ထား၍ မြေကြီးပေါ်မှာ စိုးစံရသော အ ခွင့်ကို ပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်(စာအုပ်)ကို ခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ဟု အသစ်သောသီချင်း ကိုသီ၍ လျှောက်ဆိုကြ၏။ ၁၁ – ထိုအခါ ငါကြည့်၍၊ ပလ္လင်တော်မှစသော သတ္တဝါတို့နှင့် အသက်ကြီးသူတို့ပတ်ဝန်းကျင်၌၊ ကုဋေ သင်္ချေ မက အတိုင်းမသိများစွာသော ကောင်းကင်တမန်တို့၏အသံကို ငါကြား၏။ ၁၂ – ထိုသူတို့ကလည်း အသေသတ်ခြင်းကို ခံခဲ့ပြီးသော သိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီးမင်္ဂလာကို ခံထိုက်တော်မူ၏ဟု ကြီးသော အသံနှင့် ပြောဆိုကြ၏။ ၁၃ – ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲ၊ အရပ်ရပ်တို့၌ ရှိရှိသမျှသော ဝေနေယျ သတ္တဝါ အ ပေါင်းတို့က၊ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိ ရှိတော်မူစေသတည်းဟု ပြောဆိုကြသည်ကို ငါကြားလေ၏။ ၁၄ – သတ္တဝါလေးပါးတို့ကလည်း အာမင်ဟု ခေါ်ဝေါ် ကြ၏(ပြောကြ၏)။ အသက်ကြီးသူသည်လည်း ပြပ်ဝပ်ကိုးကွယ်ကြ၏။

၁။ စိမ်ခေါ်သောအသံနှင့်စပါသည်။ စာအုပ်တအုပ်သည် ပလ္လင်ပေါ်တွင်ထိုင်တော်တော်မူသောသူ၏ ညာဖက်တွင် တွေ့ရသည်။ ညာဖက်ဆိုသည်က ဩဇာရှိခြင်း၊ တန်ခိုးရှိခြင်းကို ပုံဆောင်ပါသည်။ ဘုရားသခင် တပါးတည်းကသာ စာအုပ်တွင် ပါသောအရာများအပေါ် ဩဇာရှိပါသည်။ သူသဘောကျသောအချိန်တွင် သူကြိုက်သလို လုပ်နိုင်ပါသည်။

စာအုပ်ကိုကြည့်ပါ၊ တအုပ်လုံးကို ရေးသားခြင်းများနှင့် ဖုံးထားပါသည်။ တကယ်တမ်းတွင် စဉ်ပေါ်တင်ထားသော စာလိပ်တခုဟုပြောလျှင် ပိုမှန်ပါမည်။ ပုံမှန်ဆိုလျှင် အတွင်းဖက်၌သာ ရေးသားလေ့ရှိပါသည်။ သို့သော် ဤစာလိပ်မှာ အတွင်းအပြင် နှစ်ဖက်လုံးရေးထားခြင်းဖြစ်သည်။ ပြည့်စုံခြင်းကို ပြောချင်၍ဖြစ်သည်။ လုံခြုံခြင်း၊ နက်နဲခြင်းကို နိမိတ်ပုံပြနေပါသည်။

နံပတ်(၇)ဆိုသည်ကလည်း စာလိပ်တွင်ပါသောအရာတို့သည် ဘုရားသခင်၏နိုင်ငံတော် ပြည့်စုံစွာအကောင်အထည်ပေါ်လာခြင်းကို ဖေါ်ပြပါသည် (၆+၁)။ စာအုပ်က ပြောပြချင်သည်မှာ မကြာမှီ ဖြစ်ပျက်လာတော့မည့်အကြောင်းအရာများနှင့်ပတ်သက်သော ဘုရားသခင်၏ အမိန့်တော်များကို ဖြစ်ပါသည်။ ထို့ကြောင့် စာအုပ်ကို လက်ခံရသောသူသည် နိုင်ငံတော်ကို ပြည့်စုံလာစေမည့်တန်ခိုး၊ အကြံအစည်တော်များကို အကောင်အထည်ဖေါ်နိုင်မည့်တန်ခိုးကိုလည်း ရရှိကြောင်းပြောနေပါသည်။ ထိုစာအုပ်ကို ဖွင့်ခြင်းက ထိုအချက်မှန်ကြောင်းပြောနေပါသည်။ စာအုပ်ပါအကြောင်းများကို မဖတ်ပါ၊ သို့သော် ခတ်ထားသောတံဆိပ်ကို ဖွင့်လိုက်သည်နှင့် ဖြစ်လာကြခြင်းဖြစ်သည်။

ထို့နောက် ကောင်းကင်တမန်၏ စိမ်ခေါ်ခြင်းကို ကြားရပါသည်။ သန်မာလှသော ကောင်းကင်တမန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏အသံက စကြဝဠာတခွင်သို့ ပြန့်နှံ့၍ဖြစ်သည်။ “မည်သူသည် စာအုပ်ကို ဖွင့်ထိုက်ပါသနည်း? မည်သူသည် ခတ်ထားသောတံဆိပ်များကို ဖြည်ပေးနိုင်ပါသနည်း?”ဟူ၍ စိမ်ခေါ်ခြင်းအသံကို လွှင့်ပါတော့သည်။

“ဖွင့်ထိုက်သူ”ဟုပြော၍ ထိုက်တန်သူ၊ ဖွင့်ခွင့်ရှိသူ၊ ဖွင့်နိုင်သောတန်ခိုးရှိသူကို ပြောချင်ပါသည်။ စာအုပ်ကို ဖွင့်နိုင်သူဆိုသည်မှာ ဘုရားသခင်၏ထာဝရအကြံအစည် အမိန့်တော်များကို အကောင်အထည်ဖေါ်ကာ၊နိုင်ငံတော်ကို တည်ဆောက်ဖြစ်လာစေနိုင်သူ၊ ကယ်တင်ခြင်းကို ရရှိစေနိုင်သူ၊ မှောင်မိုက်၏ စွမ်းအားများကို ဖြိုဖျက်နိုင်သူ၊ အပြစ်နှင့်သေခြင်းကို ဖျက်ဆီးပစ်နိုင်သူကို ဆိုလိုပါသည်။

တလောကလုံး ငြိမ်သက်သွားပါသည်။ စကြဝဠာတလောကလုံး တိတ်ဆိတ်နေပါသည်။ ကောင်းကင်၊ မြေကြီး၊ ငရဲ၊ ကောင်းကင်တမန်၊ လူသား၊ နတ်ဆိုး အားလုံးသည် စိမ်ခေါ်သံကို တိတ်ဆိတ်ခြင်းနှင့် တုန့်ပြန်ပါသည်။ ထိုသို့တိတ်ဆိတ်ခြင်းဖြင့် တကမ္ဘာလုံးက သူတို့မတတ်နိုင်ကြောင်း၊ မထိုက်တန်ကြောင်းကို ဝန်ခံနေပါသည်။

ဘုရားသခင်ကသာ ကယ်တင်နိုင်သည်၊ သူ၏နိုင်ငံတော်ကို ပြည့်စုံစေနိုင်သည်ဟု တလောကလုံးက အသိအမှတ်ပြုရမည်ဖြစ်သည်။ ထိုအချက်သည် ဤစိမ်ခေါ်သံထွက်ပေါ်လာခြင်း၊ အားလုံးက တိတ်ဆိတ်နေခြင်းတို့က အထူးပြောပြလိုခြင်းဖြစ်သည်။

၂။ သိုးသငယ်သည် စာအုပ်ကို ဖွင့်ထိုက်သူဖြစ်သည်။ ပထမတွင် ထိုစာအုပ်သည် ထိုအတိုင်းသာ ပိတ်ထားရတော့မလိုဖြစ်၍ ယောဟန် သည်းထန်စွာ ငိုကြွေးပါသည်။ သို့သော် အသင်းတော်တရပ်လုံးကို ကိုယ်စားပြုသော လူကြီး(၂၄)ဦးထဲမှ တဦးက သူ့ကို လာရောက်နှစ်သိမ့်ပါသည်။ ငိုကြွေးရန်မလိုတော့ပါ၊ သိုးသငယ်က ထိုစာကို ဖွင့်ထိုက်ပါသည်။ သူသည် သခင်ခရစ်တော်ဖြစ်သည်။
သခင်ခရစ်တော်ကို ဤနေရာတွင် "ယုဒမျိုးနွယ်မှ ခြင်္သေ့"ဟု ခေါ်ပါသည်။ ထို့ကြောင့် ကမ္ဘာ ၄၉း၉ ကိုရည်ညွှန်းခြင်းဖြစ်သည်။ သခင်ခရစ်တော်၏ မင်းမျိုးမင်းနွယ်ဖြစ်ခြင်း၊ သူ၏ရန်သူများကို နှိမ်နင်းအောင်မြင်နိုင်သူဖြစ်ခြင်းကို ပြောပါသည်။ "ဒါဝိတ်မင်း၏အမြစ်"ဟုလည်းခေါ်ပါသည်။ ဘုရားသခင်၏ ပဋိညာဉ်၊ နိုင်ငံတော်၊ ဗျာဒိတ်ဖွင့်ပြချက် စသည့်ရှုထောင့်တို့မှနေ၍ ပြောနေခြင်းဖြစ်သည်။ သခင်ခရစ်တော်သည် ဒါဝိတ်မင်း၏အမြစ်ဖြစ်သည် (သခင်ခရစ်တော်ဆိုသောအရင်းအမြစ်မှ ဒါဝိတ်မင်းဖြစ်လာသည်ဟုဆိုလိုသည်)။ ဆွေစဉ်မျိုးဆက်အရ သခင်ခရစ်တော်သည် ဒါဝိတ်၏မျိုးရိုးစဉ်ဆက်မှ လာရောက်ပါသော်လည်း ဒါဝိတ်သည် သခင်ခရစ်တော်၏အမြစ် မဟုတ်ပါ။
သခင်ခရစ်တော်သည် ထိုစာအုပ်ကို ဖွင့်ရန် အောင်မြင်သူဖြစ်သည်။ သူ၏သေခြင်း၊ ထမြောက်ခြင်း၊ ဘုရားသခင့်လက်ျာတော်ဖက်၌ချီးမြှောက်ခံရခြင်း တို့ဖြင့် အောင်မြင်သူဖြစ်သည်။ ထို့ကြောင့် သူသည် စာအုပ်ကို ဖွင့်ထိုက်သူ၊ ဖွင့်နိုင်သူဖြစ်ကာ၊ နိုင်ငံတော်နှင့်ပတ်သက်သော ဘုရားသခင်၏အကြံအစည်တော်များကို ပြည့်စုံလာစေနိုင်သူဖြစ်ပါသည်။
သိုးသငယ်က စာအုပ်ကိုယူပါသည်။ သူသည် ပလ္လင်တော်၏အလယ်၊ အသက်ရှင်သော သတ္တဝါလေးပါးတို့အလယ်၊ အသက်ကြီးသူတို့၏အလယ်တွင် ရပ်နေပါသည်။ သူသည် ဘုရားသခင်၏အနီးကပ်တွင် နေပါသည်။ ထို့ကြောင့် သူ့ကို သတ္တဝါများ၊ အသက်ကြီးသူများက ပတ်လည်ဝိုင်းထားပါသည်။
အသေသတ်ခြင်းခံရပြီးစကဲ့သို့ ရပ်နေပါသည်။ သူသည် အသက်ရှင်ပါသည်၊ ချီးမြှောက်ခြင်းကိုလည်း ခံနေရပါသည်၊ သို့သော် ရက်စက်စွာအသတ်ခံရသည့် အမှတ်အသားများ၊ အမာရွတ်များ သူ၏ကိုယ်ပေါ် ရှိနေဆဲဖြစ်ပါသည်။ သူ၏ ယဇ်ပူဇော်ခြင်းခံရသကဲ့သို့ အသေခံခြင်းက စာအုပ်ကို ဖွင့်ထိုက်သူ ဖြစ်လာစေကြောင်းရည်ညွှန်းခြင်းဖြစ်သည်။
သူ့ထံတွင် "ချို(၇)ချောင်း"ရှိသည်။ "ချို"ဆိုသည်က ခွန်အားနှင့် ဘုရင်ဖြစ်ခြင်းတန်ခိုးကို ပုံဆောင်ပါသည် (ဆာလံ ၈၉း၁၇)။ (၇)ဆိုသောနံပတ်က ဘုရားသခင်၏နိုင်ငံတော်တွင် ပြည့်စုံခြင်းဟု အဓိပ္ပါယ်ရပါသည်။ သူ့ထံတွင် မျက်လုံး(၇)လုံး ရှိပါသည်၊ ၁း၄၊ ၃း၁၊ ၄း၅ တို့တွင် ရှင်းပြခဲ့သည်ကို ပြန်ကြည့်ပါ။
သူက စာအုပ်ကို ယူလိုက်ပါသည်၊ သိုးသငယ်က မိမိ၏ထိုက်တန်ခြင်းနှင့်တာဝန်ရှိခြင်းတို့ကို သိနေပါကြောင်းရည်ညွှန်းခြင်းဖြစ်သည်။ ကောင်းကင်တမန်၏ စိမ်ခေါ်ခြင်းကို လက်ခံအဖြေပေးလိုက်ခြင်း ဖြစ်သည်။ စတ်ထားသော တံဆိပ်များကို ခွာတော့မည်ဖြစ်ပါသည်။
ဤဗျာဒိတ်တွင် ယောဟန်မြင်ရသောအရာများသည် သခင်ခရစ်တော် ဘုရားသခင့်လက်ျာဖက်တွင် ချီးမြှောက်ခံရချိန်၊ သူ၏နိုင်ငံတော်ပြည့်စုံလာစေဖို့ရန် တန်ခိုးအာဏာအားလုံးကို လက်ခံရချိန်တွင် တကယ်ဖြစ်လာကြသည်။

၃။ ချီးမွမ်းခြင်းများ။ အသက်ကြီးသူများနှင့် သတ္တဝါများတို့က ချီးမွမ်းဂုဏ်ပြုကြသည်။ သိုးသငယ်ရှေ့တွင် ပျက်ဝပ်လျက် ကိုးကွယ်ကြသည်။ အသက်ကြီးသူတို့ထံတွင် စောင်းများနှင့်အသစ်သောသီချင်း ရှိပါသည်။ သခင်ခရစ်တော်အားဖြင့် ဘုရားသခင်ထံတော်သို့ ပို့ဆောင်သော သန့်ရှင်းသူ(ယုံကြည်သူ)တို့၏ဆုတောင်းများကို ပုံဆောင်သည့် အမွှေးနံ့သာခွက်များလည်း ရှိနေပါသည်။ "သိုးသငယ်သည် ထိုက်တန်သူဖြစ်သည်" ဆိုသော သီချင်းသစ်ကို သီဆိုကြပါသည်။

သိုးသငယ်၏ထိုက်တန်ရခြင်းမှာ (၁) သူ၏အပြစ်ဖြေဖို့ အသေခံပေးခြင်းကြောင့် ဖြစ်သည်၊ (၂) အသွေးတော်ဖြင့် သူလူများကို တကမ္ဘာလုံးမှ ဘုရားသခင်ထံသို့ ဝယ်ယူခြင်းကြောင့်ဖြစ်သည်၊ (၃) သူတို့ကို နိုင်ငံဖြစ်စေ၍၊ ယဇ်ပုရောဟိတ်များ ဖြစ်လာစေသောကြောင့်ဖြစ်သည်၊ (၄) သူတို့ကို သူနှင့်အတူ ကမ္ဘာပေါ်တွင် စိုးစံနေစေသောကြောင့် ဖြစ်ပါသည်။

ကောင်းကင်တမန်များကလည်း သိုးသငယ်ကို ချီးမွမ်းကြသည်။ သူတို့၏အရေအတွက်သည် မရေတွက်နိုင်လောက်အောင် များပါသည်။ ပလ္လင်တော်၊ အသက်ကြီးသူများ၊ သတ္တဝါလေးပါးတို့ကို ပတ်လည် ဝိုင်းထားပါသည်။ သိုးသငယ်ကို ချီးမွမ်းခြင်းခုနစ်ထက်ကွမ်း(ပြည့်စုံခြင်း)ဖြင့် ချီးမွမ်းကြသည်။ ဖန်ဆင်းခြင်းတခုလုံးကလည်း လေးထပ်ကွမ်းချီးမွမ်းခြင်း(ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအသရေ၊ အုပ်စိုးတော်မူခြင်း)ဖြင့် သိုးသငယ်နှင့်ဘုရားသခင်ကို ချီးမွမ်းကြပါသည်။

ထို အားလုံးသော ကောင်းကင်ဘုံ၏ချီးမွမ်းခြင်းကို ကိုက်ညီလှသောအဆုံးသတ်ခြင်းဖြစ်သည့် သတ္တဝါလေးပါး တုန့်ပြန်ခြင်းနှင့်၄င်း၊ အသက်ကြီးသူတို့၏ ဝတ်ပြုကိုးကွယ်ခြင်းနှင့်၄င်း အဆုံးသတ်ထားပါသည်။